COVID-19 ကာကွယ်ဆေး

# သိရှိရန် အချက်အလက်များ

## ကာကွယ်ဆေးများမှာ စုံတွဲများ၊ ကိုယ်ဝန်ဆောင်များနှင့် မိဘဖြစ်ခါစလူများအတွက် ဘေးကင်းလုံခြုံပါသည်

သင့်ကိုယ်သင်ကာကွယ်ပါ။
သင့်မိသားစုကို ကာကွယ်ပါ
ကာကွယ်ဆေးထိုးပါ။



ကာကွယ်ဆေးထိုးခြင်းသည် သင့်မိသားစုအား ဆက်လက် ထကြေပံ့နိုင်ရန် သင့်အတွက် ကျန်းမာ သန်စွမ်းစွာနေနိုင်မည့် နည်းလမ်းတစ်ခု ဖြစ်ပါသည် သင်ကာကွယ်ဆေးထိုးလျှင် သင့်ကလေးကိုလည်း ကာကွယ်ပါသည်။ သင်ချစ်ခင်သောသူများကို ရောဂါကူးစက်ခံရနိုင်ခြေ နည်းစေသောကြောင့်ဖြစ်ပါသည်

## ကာကွယ်ဆေးများမှာ ဘေးကင်းလုံခြုံပါသည်



ကလေးမယူမီ



သင်သည် ကိုယ်ဝန်ဆောင် နေစဉ်



ကလေးမီးဖွား ပြီးနောက်



သင့်ကလေးများ အရွယ်ရောက်သည့်အခါ

## ကာကွယ်ဆေးများ

- **ဘေးကင်းလုံခြုံပါသည်:** ကာကွယ်ဆေးများသည် ဘေးကင်းလုံခြုံကြောင်းကို အမျိုးမျိုးသော တိုင်းရင်းသားမျိုးနွယ်၊ လူမျိုး၊ အသက်အရွယ်များ အပါအဝင် သန်းချီသော လူများတွင် သက်သေပြထားပါသည် သင့်ကလေးသည် ကာကွယ်ဆေးထိုးခြင်းထက် **COVID-19** ရောဂါဖြစ်ခြင်းကြောင့် အပြင်းအထန် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်နိုင်ခြေ ပိုများပါသည်။
- **ထိရောက်ပါသည်:** ကာကွယ်ဆေးသည် သင့်အား **COVID-19** ဖြစ်ခြင်းမှ ကာကွယ်ပေးသည် ကာကွယ်ဆေးသည် သင်ဖျားနာပါက အပြင်းအထန်ဖျားခြင်းနှင့် အသက်ဆုံးရှုံးခြင်းကိုလည်း ကာကွယ်ပေးပါသည်။
- **အခမဲ့-** သင်၏ နေထိုင်အခြေချမှုအခြေအနေ၊ **ID** ကဒ် သို့မဟုတ် ကျန်းမာရေးအာမခံ ရှိ မရှိ စသည်တို့ မည်သို့ပင်ရှိစေ ကာကွယ်ဆေးများသည် လူတိုင်းအတွက် အခမဲ့ဖြစ်သည်။

NRC-RIM
National Resource Center for Refugees, Immigrants, and Migrants

3 Dec 2021

# ကာကွယ်ဆေးများမှာ ဘေးကင်းလုံခြုံပါသည်



## ကလေးမယူမီ

**COVID-19** ကာကွယ်ဆေးများသည် နောက်ပိုင်းတွင် ကလေးလိုချင်သော သို့မဟုတ် ကိုယ်ဝန်ဆောင်ရန် ကြိုးစားနေသော အမျိုးသမီး အမျိုးသားများအတွက် ဘေးကင်းလုံခြုံပါသည်။

ကာကွယ်ဆေးများသည် အမျိုးသမီး အမျိုးသားများအား ကလေးမရစေနိုင်ပါ ဟူသည့် အထောက်အထားမရှိပါ။



## သင်သည် ကိုယ်ဝန်ဆောင်နေစဉ်

**COVID-19** ကာကွယ်ဆေးများသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင်  ဘေးကင်းလုံခြုံသည့်အတွက် ဆေးထိုးရန် အထူးတိုက်တွန်းပါသည်  ထောင်နှင့်ချီသော ကိုယ်ဝန်ဆောင်များကို ကလေးရော မိခင်ပါ မည်သည့်ပြဿနာမျှမရှိဘဲ ဘေးကင်းလုံခြုံစွာ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ပါသည်။

ကိုယ်ဝန်ဆောင်များသည် **COVID-19** ကူးစက်ခံရပါက ပြင်းထန်စွာ ဖျားနာနိုင်ခြေပိုများပါသည်။ လမစေ့ဘဲ မီးဖွားခြင်း အန္တရာယ်လည်း မြင့်မားသည်။

**The COVID-19** ကာကွယ်ဆေးသည် သင်နှင့် သင့်မိသားစုအား **COVID-19** ကြောင့်ဖြစ်သော နောက်ဆက်တွဲ ဆိုးကျိုးများမှ ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။



## မီးဖွားပြီးနောက်

**COVID-19** ကာကွယ်ဆေးများသည် နို့တိုက်မိခင်များတွင်  ဘေးကင်းလုံခြုံသည့်အတွက် ဆေးထိုးရန် အထူးတိုက်တွန်းပါသည်။

မိခင်များသည် **COVID-19** ကာကွယ်ဆေးထိုးသည့်အခါ ၎င်းတို့၏ မွေးခါစရင်သွေးများကိုလည်း ကာကွယ်ပြီးသားဖြစ်သည်။

- မိခင်နို့သည် ကလေးများအား **COVID-19**မှ ကာကွယ်ပေးသည့် ကိုယ်ခံစွမ်းအား ပစ္စည်းများ ပါဝင်သည်။
- ကာကွယ်ဆေးထိုးထားသော မိခင်သည် ကာကွယ်ဆေးထိုးရန် အလွန်ငယ်ရွယ်သေးသည့် ၎င်းတို့၏ ကလေးများထံ ရောဂါကူးစက်နိုင်ခြေ နည်းစေပါသည်။



## သင့်ကလေး အသက်ကြီးလာသောအခါ

ကာကွယ်ဆေးထိုးနိုင်သည့် အသက်အရွယ်ရှိသော ကလေးများနှင့် လူငယ်များသည် ဆေးထိုးပြီးပြါက ဘေးကင်းအလုံခြုံဆုံးဖြစ်ပါလိမ့်မည်။

ကာကွယ်ဆေးသည် ကလေးနှင့် လူငယ်များအပါအဝင် လူတိုင်းကို **COVID-19** မှ ကာကွယ်ပေးပါသည်။ ထို့အပြင် ကာကွယ်ဆေးသည် ကလေးနှင့် လူငယ်များ ဖျားနာပါက အပြင်းအထန် မဖျားနာစေရန် တားဆီးပေးပါသည်။

ကာကွယ်ဆေးသည် ကလေးများအရွယ်ရောက်လာသည့်အခါ နောက်အနာဂါတ်တွင် ၎င်းတို့၏ ကလေးယူခြင်းအား အတားအဆီးမဖြစ်ပါ။ **COVID-19** ကာကွယ်ဆေးသည် **အပျို လူပျိုဖော်ဝင်ခြင်း သို့မဟုတ် မျိုးဆက်ပွားခြင်းကို သက်ရောက်မှုမရှိပါ**

## သင့်ကိုယ်သင်ကာကွယ်ပါ။ သင့်မိသားစုကို ကာကွယ်ပါ ကာကွယ်ဆေးထိုးပါ။

NRC-RIM
National Resource Center for Refugees, Immigrants, and Migrants